## မာတိကာ


မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၏ အမှာစာ က–ခ

မြန်မာသမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၏ စကားအမှာ ဂ–ဓ

ရန်ကုန်တက္ကသိုလ် အငြိမ်းစားသမိုင်းပါမောက္ခဦးထွန်းအောင်ချိန်၏ အမှာစာ ဎ

၁။ ပြဇာတ်၏ အရက်ဦး ၁–၁၈

၂။ ဗုဒ္ဓ၏ လက္ခဏာတော်ငယ်ရှစ်ဆယ်စာတမ်းအကျဉ်း ၁၉–၃၂

၃။ ဒက္ခိဏသာခါရုပ်ပွားတော်

(ရှပ်တုမေဒသမိုင်း၊ ဝေါဟာရအရင်းအမြစ်နှင့် စာပေဆိုင်ရာ လေ့လာတွေ့ရှိချက်) ၃၃–၄၅

၄။ လက်ဝဲနော်ရထာ(၁၂၃–၁၇၉၁)၏ ယိုးဒယားနိုင်မော်ကွန်းလေ့လာသုံးသပ်ချက် ၄၆–၈၄

၅။ သူရဿတိ (မြန်မာဘာသာ၊ စာပေ၊ ယဉ်ကျေးမှုနှင့်ယုံကြည်မှုဆိုင်ရာလေ့လာချက်) ၈၅–၉၈

၆။ ဒုတိယကမ္ဘာစစ်ပြီးနောက် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် (၁၉၄၈–၇၉) ၉၉–၁၄၀

၇။ အညွှန်းပြုစုခြင်း ၁၄၁–၁၅၀

၈။ မြန်မာ့ပညာရေး (အေဒီ ၁၃၀၀–၁၄၀၀) ၁၅၁–၂၂၂

၉။ ယူဇနာစစ်တမ်း ၂၂၃–၂၇၄


## မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့

## ဥက္ကဋ္ဌ၏

## အမှာစာ

''နှာဂတ်သက်သေ၊ ကမ္ဘာကြေလည်း၊
မကျေတို့မှာ ၊ အုံမောရာသည်
နောင်လာပြောဖို့ ဥဒါန်းတည်။။''

မဟာသုတကာရီမယဒေဝလောကသစ်အပိုဒ် (၃၈)
မန်လည်ဆရာတော်ဘုရားကြီး။

မြန်မာပညာရပ်များရှိ စာတမ်းများကို သုတေသီလုငယ် (၇)ဦးက အကြောင်းအရာခေါင်းစဉ် (၉)မျိုးဖြင့် စနစ်တကျကြိုးစားလျက် ပြုစုတင်ပြထားကြပါသည်။ တစ်ယောက်ချင်းစီမှာ အကြောင်းအရာပညာရပ်များကို ရှုထောင့်ကိုယ်စီဖြင့် တင်ပြထားသောကြောင့် ထိုစာတမ်းများသည် မည်မျှစိတ်ဝင်စားဖွယ်အချက်များပါရှိပုံအား ဖတ်ရှုလေ့လာကြည့်ပါက မုချတွေ့ရှိရမည်ဖြစ်ပါသည်။ ထိုစာတမ်းများမှာ စာဖတ်သူတို့အတွက် လေ့လာမှတ်သားသင့်သော အကြောင်းအရာများဖြစ်ကြောင်းကိုလည်း တွေ့မြင်နိုင်ပါသည်။

ဗုဒ္ဓဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေး၊ ယဉ်ကျေးမှုအနုပညာ၊ သမိုင်း၊ စသည့်အကြောင်းချင်းရာများ စုံလင်စွာပါရှိအောင် ယခုကဲ့သို့ စုစည်း၍ ထည့်သွင်းဖော်ပြထားပါသည်။ ဒက္ခိဏသာခါရုပ်ပွားတော်အကြောင်းသည် မြန်မာလူ့အဖွဲ့အစည်းအတွင်း၌ စိတ်ဝင်စားဖွယ်ကောင်းလှသော ကိုးကွယ်ယုံကြည်မှုတစ်မျိုးဖြစ်ကြောင်းကို သမိုင်းကြောင်းမှ မှတ်တမ်းမှတ်ရာများကို စိစစ်ကာရေးသားထားသကဲ့သို့ သူရဿတီအကြောင်းနှင့် စပ်လျဉ်းပါကလည်း စာဖတ်သူတို့အနေဖြင့် ထူးခြားဆန်းသစ်သော အတွေးမျိုးကို ဖော်ပြပေးနိုင်ပါ၏။ ထို့အတူ သမိုင်းကြောင်း၌ တိမ်မြုပ်နေသော လက်ဝဲနော်ရထာ၏ ယိုးဒယားနိုင်မော်ကွန်းနှင့် စပ်လျဉ်းပါကလည်း သမိုင်းရှုထောင့်မှ ဝိုင်နိုင်စွာ သုံးသပ်တင်ပြပေးထားကြောင်း တွေ့နိုင်ပါသည်။

ပြဇာတ်၏အရက်ဦးနှင့် ယူဇနာစစ်တမ်းတို့တွင် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် တိမ်မြုပ်နေသော အကြောင်းအရာများ၏ အရေးပါပုံကို ရှာရှာဖွေဖွေတင်ပြထားကြောင်း သတိပြုမိပါသည်။ မြန်မာ့ပညာရေး (အေဒီ ၁၃၀၀–၁၄၀၀)စာတမ်းသည် ပုဂံလွန်ခေတ်ပညာရေးသမိုင်းကို အထူးပြုရေးသားထားသော အဓိကတန် အကြောင်းအရာတစ်ရပ်ဖြစ်ပါသည်။ ထိုခေတ်ပညာရေးအကြောင်းမှာ အထောက်အထားအလွန်ရှားပါးလှသော်လည်း များပြားစွာစုစည်းဖော်ထုတ်နိုင်သောကြောင့် အလွန်ပင်ထူးခြားကောင်းမွန်သော စာတမ်းတစ်ခုဖြစ်ကြောင်းတွေ့ရပါသည်။



ထို့အတူ ၁၉၁၀ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသုတေသနအသင်း၏ ပညာရပ်ဂျာနယ်များအကြောင်းကို ၁၉၄၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သမျှ ဂျာနယ်ရှိ စာတမ်းများအားလုံးအား အသေးစိတ်နိုက်နိုက်ချွတ်ချွတ် ဖော်ထုတ်တင်ပြသွားသည်မှာလည်း အထူးအားရကျေနပ်ဖွယ်ကောင်းလှပါသည်။ ကြောဓိပညာရှင်များ၏ အကူအညီနှင့်အတူ ခေတ်ပညာတတ် သုတေသီလုငယ်များ၏ အင်အားနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံသုတေသနအသင်းကြီးအား ပြန်လည်ဖွဲ့စည်းတည်ထောင်နိုင်ရန် ကြိုးစားပြင်ဆင်လျက်ရှိနေပါသည်။

အညွှန်းပြုစုခြင်းနှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံပညာရပ်လောကနှင့် စာပေလောက၌ ခက်ခဲရှုပ်ထွေးလှသောအကြောင်းအရာဖြစ်သောကြောင့် ဖော်ထုတ်ထွက်ပေါ်ရန် ရှားပါးလှသော်လည်း ယခုအခါ လက်တွေ့အသုံးဝင်သော စာတမ်းတစ်စောင်ဖြင့် ကြိုးစားပြီး မိတ်ဆက်တင်ပြပေးထားပုံကိုလည်း လေ့လာသင့်ပါသည်။

အချုပ်အားဖြင့်ဆိုလျှင် မြန်မာပညာရပ်များစာစောင်ရှိ စာတမ်းများသည် မြန်မာ့ယဉ်ကျေးမှု၊ သမိုင်းနှင့် ပညာရပ်ဆိုင်ရာစာတမ်းများဖြစ်ပြီး အလွန်အဖိုးတန်လှပါသည်။ မြန်မာပညာရပ်များရှိ စာတမ်းများသည် မြန်မာပညာရပ်လောကကို တစ်တပ်တစ်အား အားသစ်ဉာဏ်သစ်လောင်းထားသဖြင့် ပညာရေးနှင့်စာပေလောကအတွက် အလွန်အကျိုးများလှပါသည်။ ထို့အတူ ဆက်လက်ရေးသားထုတ်ဝေဦးမည့် မြန်မာပညာရပ်များစာစောင်ကိုလည်း ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုကြောင်း ရေးသားလိုက်ရပါသတည်း။

ဦးသန်းဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့
အုန်းတောဆောင်၊ လှိုင်နယ်မြေ
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။